ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)


## Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ နွားလပိုးကျေးရွာအုပ်စု၊ (၃)မိုင်ပကြံစံပြကျေးရွာ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၈ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၉ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၁၀ |
| ၈။ ဥစ္စာနေကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၁ |
| ၉။ ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၂ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၃ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၄ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၅ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၇ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၈ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၉ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၀ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၁ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၂ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၄ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၇ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၉ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၃၁ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၂ |
| ၂၄။ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၃၃ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၃၄ |

# လှိုင်ကော်မြို့နယ်မြေပုံ


လှိုင်ကော်မြို့နယ်
N
စကေး – ၁လက်မ = ၄မိုင်
ရှမ်းပြည်နယ်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



# ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | နွားလပိုးအုပ်စု | နွားလပိုးစံပြ | |
| ၂။ | နွားလပိုးအုပ်စု | နွားလပိုးရွာမ | |
| ၃။ | နွားလပိုးအုပ်စု | ကယန်းကြခူ | |
| ၄။ | နွားလပိုးအုပ်စု | ပဒါးညေး | |
| ၅။ | နွားလပိုးအုပ်စု | လယ်ထွဲရွာဟောင်း | |
| ၆။ | နွားလပိုးအုပ်စု | လယ်ထွဲရွာသစ် | |
| ၇။ | နွားလပိုးအုပ်စု | လင်ဖုံ(အထက်) | |
| ၈။ | နွားလပိုးအုပ်စု | လင်ဖုံ(အောက်) | |
| ၉။ | နွားလပိုးအုပ်စု | ဒေါခေါ်ခူ | |
| ၁၀။ | နွားလပိုးအုပ်စု | မော်ချီးစုစည်း | |
| ၁၁။ | နွားလပိုးအုပ်စု | ၃ မိုင်ပကြိုစံပြ | |
| ၁၂။ | နွားလပိုးအုပ်စု | ထီးသူးကူး | |
| ၁၃။ | နွားလပိုးအုပ်စု | ပျားကနဲ | |
| ၁၄။ | နွားလပိုးအုပ်စု | မြေနီကုန်း | |
| ၁၅။ | နွားလပိုးအုပ်စု | ထေးပလော်ခူ | |
| ၁၆။ | နွားလပိုးအုပ်စု | ထီရိ | |
| ၁၇။ | နွားလပိုးအုပ်စု | ကယန်းသာယာ(တောင်) | |
| ၁၈။ | နွားလပိုးအုပ်စု | ကယန်းသာယာ(မြောက်) | |
| ၁၉။ | နွားလပိုးအုပ်စု | သပြေကုန်း | |
| ၂၀။ | နွားလပိုးအုပ်စု | ကျောက်ကြီး(တောင်) | |

လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် ဒုတိယနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

(၂၀၁၇-၂၀၁၈) ခုနှစ်

ကျေးရွာအုပ်စုအမည်-နွားလပိုး ကျေးရွာအမည်-(၃)မိုင်ပကြဲစံပြ ရက်စွဲ ၂၀.၁၀.၂၀၁၇

**၁။ ကျေးရွာသမိုင်းအကြောင်း**

(၃) မိုင်ပကြဲစံပြကျေးရွာရှိရွာသူရွာသားများသည် ယခင်နေထိုင်ခဲ့သော ပကြဲရွာဟောင်းမှ ၁၉၇၇ခုနှစ်တွင် အိမ်ထောင်စု(၅)စုဖြင့် ပကြဲစံပြကျေးရွာတွင်စတင်ပြောင်းရွှေ့ပြီး ကျေးရွာသစ်တည်ထောင်ခဲ့ကြပါသည်။ ၁၉၈၆ ခုနှစ်တွင် ဘုန်းကြီးကျောင်းဆောက်လုပ်ခဲ့ကြသည်။ ထိုအချိန်တွင် စာသင်ကျောင်းမရှိပါ။ ဖာတီမာကျေးရွာရှိ မူလတန်းစာသင်ကျောင်းတွင် ကလေးများပညာသွားရောက် သင်ကြားကြရသည်။ ထိုအချိန်တွင် သောက်သုံးရေ များလည်း ရှားပါးသောကြောင့် (၁) မိုင်ခန့်အကွာရှိ ရေတွင်းမှသာသွားရောက်ခပ်ယူသုံးစွဲကြရသည်။

၁၉၈၆ ခုနှစ်တွင်ပကြဲစံပြရွာမှနောက်ထပ်တစ်ကြိမ် (၃) မိုင်ပကြဲစံပြရွာသစ်သို့ပြောင်းရွှေ့ခဲ့ကြပါသည်။ (၃) မိုင်ပကြဲစံပြ ကျေးရွာတွင် အိမ်ခြံများကိုစတင်အကွက်ချပြီး အိမ်ထောင်စု (၃)စုဖြင့်စတင်နေထိုင်ကြပါသည်။ ၁၉၈၇ ခုနှစ်တွင် နွားလပိုးစံပြကျေးရွာအနီးတွင် တိုက်ပွဲများဖြစ်သောကြောင့် ထိုအိမ်ထောင်စု(၃)စုမှာ ပကြဲရွာဟောင်းသို့ ပြန်လည်နေထိုင်ခဲ့ကြပါသည်။ ထို့သို့တစ်နေရာမှ တစ်နေရာပြောင်းရွှေ့ရခြင်းမှာ နယ်မြေအေးချမ်းမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း ၊ ပညာရေးနှင့်ကျန်းမာရေးအတွက်ခက်ခဲခြင်း ၊ သောက်သုံးရေ ရှားပါး ခြင်း စသည့်တို့ကြောင့်ဖြစ်ပါသည်။ ၁၉၉၈ခုနှစ်တွင် (၃) မိုင်ပကြဲစံပြကျေးရွာတွင် ဘုန်းကြီးကျောင်း စတင်ဆောက်လုပ်ခဲ့ကြသည်။ ၉.၃.၁၉၈၉ ခုနှစ်တွင်(၃)မိုင်ပကြဲစံပြ ကျေးရွာသို့ အိမ်ထောင်စု(၁၀)အိမ်ဖြင့် ပြန်လည်တည်ထောင်ခဲ့ကြပါသည်။ ထို့ကြောင့် ၉.၃.၁၉၈၉ ခုနှစ် ရွာစတင်တည်ထောင်သောနှစ်ကိုအစွဲပြုပြီး ကျေးရွာ၏ မွေးနေ့ ဟု သတ်မှတ်ကာနှစ်စဉ်နှစ်တိုင်းဘုန်းကြီးပင့်ပြီး ကောင်းမှုကုသိုလ် အလှူများပြုလုပ်ကြပါသည်။ ကျေးရွာ၏ အမည်ကို (၃) မိုင်ပကြဲစံပြဟုခေါ်ရခြင်းမှာ လှိုင်ကော်မြို့နှင့်(၃)မိုင်ဝေးသောကြောင့်သော်လည်း ယခင် နေထိုင်ခဲ့သောနေရာ ပကြဲစံပြကိုအစွဲပြုပြီး (၃)မိုင်ပကြဲစံပြဟုခေါ်ရခြင်းဖြစ်ပါသည်။

(၃) မိုင်ပကြွဲစံပြ ကျေးရွာတွင် ကယားလူမျိုးများသာနေထိုင်ကြပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြပါသည်။ ကယားရိုးရာယဉ်ကျေးမှုအနေဖြင့် ကေ့ထိုးဘိုးပွဲ၊ ဒီးကူးပွဲများ၊ ငှက်လိုက်ပွဲ များကျင်းပလေ့ရှိပါသည်။ ကျေးရွာ သူ/ရွာသားများသည် အဓိကအသက်မွေးဝမ်းကြောင်းအနေဖြင့် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြပါသည်။ ပြောင်းကို အဓိက စိုက်ပျိုးကြပြီး လယ်စပါး၊ တောင်ယာစပါး၊ မြေပဲ၊ ပဲစဉ်းငုံ စသည့်တို့ကိုလည်း အနည်းငယ်စိုက် ပျိုးကြပါသည်။ မိမိတို့အိမ်စားဖို့ရန်အတွက်လည်း သခွါးသီး၊ ဖရုံသီး၊ ပဲသီး၊ ငရုတ်သီးများကိုလည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေးနည်းပညာများအားနည်းနေသေးပါသည်။ မြေဩဇာအသုံးချမှု၊ ပိုးသတ်ဆေးအသုံးပြုမှု၊ မျိုးကောင်းမျိုးသန့် ရွေးချယ်နိုင်မှုမရှိခြင်း စသော နည်းပညာပိုင်းတွင် အားနည်းနေကြပါသည်။

၁၉၉၀ ခုနှစ်တွင် ထီးသူးကူးကျေးရွာနှင့် ပျားကန်ကျေးရွာများ ကို (၃) မိုင်ပကြွဲစံပြ ကျေးရွာ၏ လယ်မြေနေရာတွင်လာရောက်ရွှေ့ပြောင်းနေရာချပေးသောကြောင့် လယ်ယာမြေများ လုပ်ကိုင်ရန် ခက်ခဲလာခဲ့ပါသည်။ ထို့ကြောင့်ယခုအချိန်တွင် လယ်ယာ၊တောင်ယာများမှာ ကျေးရွာနှင့် ဝေးသောနေရာတွင် သွားရောက် လုပ်ကိုင်ကြရ ပါသည်။

မှတ်တမ်းတင်သူ

အမည် - ဒေါ်နော်ထူးထူးအောင်


ရာထူး- လူထုစည်းရုံးရေးမှူး

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုရေးအရင်း အမြစ်ပြမြေပုံ (Social Map/ Resource Map) | ၂၀.၁၀.၂၀၁၇ | ရပ်မိ/ရပ်ဖ ကော်မတီဝင်များ | ၄၇ | ၅၂ | ၁။ | လူမှုရေး အရင်းအမြစ်ပြ မြေပုံ (Social Map/ Resource Map) |
| ၂။ | ဉစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက် (Wealth Ranking) | ၂၀.၁၀.၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စု | ၄၇ | ၅၂ | ၂။ | ဉစ္စာဓန ကြွယ်ဝမှုအဆင့် သတ်မှတ်ချက် (Wealth Ranking) |
| ၃။ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၀.၁၀.၂၀၁၇ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၄၇ | ၅၂ | ၃။ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း |
| ၄။ | ရာသီခွင်ပြက္ခဒိန်(Seasonal Calender) | ၂၀.၁၀.၂၀၁၇ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၄၇ | ၅၂ | ၄။ | ရာသီခွင်ပြက္ခဒိန် (Seasonal Calender) |
| ၅။ | ပင့်ကူအိမ်ကွန်ယက် (SPider Web) | ၂၀.၁၀.၂၀၁၇ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၄၇ | ၅၂ | ၅။ | ပင့်ကူအိမ် ကွန်ယက် (SPider Web) |
| ၆။ | အဖွဲ့အစည်းချိတ်ဆက်ပုံ (venn Diagram) | ၂၀.၁၀.၂၀၁၇ | ကျေးရွာလူမှုဖွံ့ဖြိုး ရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီထောက်အဖွဲ့ | ၄၇ | ၅၂ | ၆။ | အဖွဲ့အစည်း ချိတ်ဆက်ပုံ (venn Diagram) |

# ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

မြို့နယ်-လှိုင်ဘွဲ့ ကျေးရွာအုပ်စု-နွားလပိုး ကျေးရွာ-(၃)မိုင်ပကြံစံပြ ။ ရက်စွဲ -၂၀.၁၀.၂၀၁၇...



ပါဝင်ဆွေးနွေးသူ-

ကျား -၄၇ဦး

မ -၅၂ဦး

မှတ်တမ်းတင်သူ

အမည်-ဒေါ်နော်ထူးထူးအောင်

ရာထူး-လူထုစည်းရုံးရေးမှူး

# လူမှုရေး နှင့် အရင်းအမြစ်ပြ မြေပုံသုံးသပ်ချက်

(၃)မိုင်ပကြံစံပြ ကျေးရွာတွင် အိမ်ခြေ(၁၆၅)အိမ် ရှိပြီး ကယားလူမျိုးအများဆုံး နေထိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး အသက်မွေးကြသော ကျေးရွာဖြစ်ပါသည်။ ပြောင်းကို အဓိက စိုက်ပျိုးကြပြီး လယ်စပါး၊ တောင်ယာစပါး၊ မြေပဲ၊ ပဲစဉ်းငုံ စသည့်တို့ကိုလည်း အနည်းငယ်စိုက် ပျိုးကြပါသည်။ မိမိတို့အိမ်စားဖို့ရန်အတွက်လည်း သခွါးသီး၊ ဖရုံသီး၊ ပဲသီး၊ ငရုတ်သီးများကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေးနည်းပညာများ အားနည်းနေသေးပါသည်။ မြေသြဇာအသုံးချမှု၊ ပိုးသတ်ဆေးအသုံးပြုမှု၊ မျိုးကောင်း မျိုးသန့် ရွေးချယ်နိုင်မှု မရှိခြင်း စသောနည်းပညာပိုင်းတွင် အားနည်းနေကြပါသည်။ ထိုစိုက်ပျိုးသီးနှံ ကိုသာအ မှီပြုမိသားစု၏ စားဝတ်နေရေး ပြသနာကိုဖြေရှင်းကြရပါသည်။ စပါးနှင့်ပြောင်းတို့ကို မေလနှင့်ဇွန်လတွင် အများဆုံးစိုက်ပျိုးကြပါသည်။ ရာသီဥတုပေါ် မူတည်ပြီး စိုက်ပျိုးကြပါသည်။ စပါးနှင့် ပြောင်းမျိုးကောင်းမျိုးသန့်ရရှိစေရန်ဈေးကြီးပေးပြီးဝယ်ကြရသည်။ စိုက်ပျိုးသီးနှံအထွက်နည်းသောနှစ် ၊ စားဝတ်နေရေးအဆင် မပြေသောနှစ်တွင် ပွဲရုံပိုင်ရှင်တွင်ကြိုတင်ချေးငွေများ ယူပြီးသီးနှံမျိုးစေ့များ ဝယ်ယူခြင်း၊ မြေသြဇာများ ဝယ်ယူခြင်းများဆောင်ရွက်ကြရပါသည်။ ထိုချေးငွေများကို သီးနှံပေါ်ချိန်မှသာ ပြန်လည်ဆပ်ကြ ရပါသည်။

စိုက်ပျိုးရေးရာသီနားသောကာလတွင် တစ်ဖက်တစ်လှမ်းမှဝင်ငွေရရှိစေရန်အတွက် အမျိုးသားများသည် ပန်းရံ နှင့် လက်သမားလုပ်ငန်းများ သွားရောက်လုပ်ကိုင်ဆောင်ရွက်ကြပြီး အမျိုးသမီးများမှာ ကြက် ၊ ဝက်မွေးမြူခြင်းဖြင့်ဝင်ငွေ ရရှိအောင်ဆောင်ရွက်ကြပါသည်။ ကျေးရွာလူထုများသည်အိမ်တိုင်း တွင်ရေတွင်းများရှိသော်လည်း နွေရာသီတွင်ရေခမ်းပြီး ရေလုံလောက်မှုမရှိပါ။

(၃) မိုင်ပကြံစံပြ ကျေးရွာတွင် ကျေးရွာတွင် စာသင်ကျောင်းများ ဆေးပေးခန်းများမရှိပါ။ ကလေးများသည် ရွာအနီးရှိ ထီးသူးကူးအလယ်တန်းစာသင်ကျောင်းတွင်ပညာသင်ယူကြပါသည်။ အထက် တန်း ပညာရပ်များကို နွားလပိုးရွာမကျေးရွာရှိ အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ယူကြရပါသည်။ ယခုအချိန်တွင် ကျေးရွာတွင် ပညာတတ်ဦးရေမှာ တဖြည်းဖြည်းပေါ်ထွက်လာပါသည်။ ကျေးရွာတွင် ကျန်းမာရေးဆေးပေး ခန်းမရှိသောကြောင့် ကျန်းမာရေးနှင့်ပတ်သက်ပြီး အခက်အခဲများရှိပါက ကိုယ်ဝန်ဆောင်မိခင်များနှင့် နာမကျန်းဖြစ်သူများသည် နွားလပိုးအုပ်စု ကျေးလက်ကျန်းမာရေး ဌာနခွဲတွင်သွားရောက် ဆေးကုသမှုခံယူကြပြီး အရေးပေါ် ကျန်းမာရေး အခြေအနေများတွင် လွိုင်ကော်ဆေးရုံကြီးတွင်သွားရောက် ဆေးကုသမှုခံယူကြရပါသည်။ ကျေးရွာအတွင်းရှိလမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားလမ်းရန်ခက်ခဲပါသည်။ ကျေးရွာတွင်ကယားလူမျိုး တစ်မျိုးတည်းသာ နေထိုင်သောကြောင့် ရွာ၏သာရေးနာရေး၊ ဘာသာရေးနှင့် လူမှုရေးများတွင် အတူတကွ စည်းလုံးညီညွတ်စွာပူးပေါင်းပါဝင်ပြီး ဆောင်ရွက်ကြပါသည်။

# ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ် လှိုင်ကော် ကျေးရွာအုပ်စု-နွားလပိုး ကျေးရွာ-(၃)မိုင်ပကြံစံပြ ရက်စွဲ-၂၀.၁၀.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | ကား၊ထော်လော်ဂျီ၊ ဖုန်း၊ တီဗီ၊ ထွန်စက်ကိုင်းရှည်၊ဆိုင်ကယ် (၃)စီး လယ်(၂) ကော၊ တိုက်အိမ် ၊ပြောင်းချွဲစက် ၊ကျောက်တင်ကား ၊ ဈေးဆိုင်၊တောင်ယာ (၁၀)ကော၊ | ၁၀ | ၆.၀၆% |
| အလယ်အလတ် | ထော်လော်ဂျီ၊ ဆိုင်ကယ်(၁)စီး၊ ဖုန်း၊တီဗီ ပျဉ်ထောင်အိမ်၊၊တောင်ယာ (၃)ကော၊နွား၊ နွားလှည်း | ၁၁၀ | ၆၆.၆၇% |
| ဆင်းရဲ/နွမ်းပါး | ဝါးထန်ရံအိမ်၊စက်ဘီး၊ဆိုင်ကယ်(၁)စီး၊ ဖုန်း၊တီဗီ၊ တောင်ယာ (၁)ကေ | ၄၅ | ၂၇.၂၇% |
| | **စုစုပေါင်း** | **၁၆၅** | **၁၀၀%** |

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၄၇

မ - ၅၂

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး







# ဥစ္စာဓနကြွယ်ဝမှုဇယား သုံးသပ်ချက်

(၃)မိုင်ပကြဲစံပြ ကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုကို အဆင့်(၃)ဆင့်သတ်မှတ်ထားကြပါသည်။ အိမ်ခြေနှင့်အိမ်ထောင်စုအရေအတွက်(၁၆၅)အိမ်ရှိသည့်အနက် အိမ်ခြေ(၁၀)မှာ ချမ်းသာအဆင့်၊ အိမ်ခြေ(၁၁၀)မှာအလယ်အလတ်အဆင့်တွင်ရှိပြီးအိမ်ခြေ(၄၅)အိမ်မှာ ဆင်းရဲအဆင့်တွင် ရှိသည်ဟု သတ်မှတ်ထားကြပါသည်။

ဥစ္စာဓနကြွယ်ဝမှုကို အဆင့်(၃)ဆင့် အနက် ချမ်းသာသောအဆင့်တွင်ရှိသော အိမ်ခြေ (၁၀) အိမ်မှာ ကား၊ ထော်လော်ဂျီ၊ ဖုန်း၊ ထွန်စက်ကိုင်းရှည်၊ တီဗီ၊လယ်(၂) ဧက၊ ဆိုင်ကယ် (၃)စီး၊ ကျောက်တင်ကား ၊ ပြောင်းခွေစက်၊ ဈေးဆိုင်၊ တောင်ယာ (၁၀)ဧက ပိုင်ဆိုင်ပြီး နေအိမ်အနေအထားမှာ တိုက်အိမ်နှစ်ထပ်ဖြင့်နေထိုင်ကြပါသည်။ အလယ်အလတ်အဆင့်တွင် ရှိသော အိမ်ခြေ (၁၁၀) အိမ်တွင်ထော်လော်ဂျီ၊ ဆိုင်ကယ်(၁)စီး၊ ဖုန်း၊ တီဗီ၊ နွား၊ နွားလှည်း၊ တောင်ယာ (၃)ဧကဧက ပိုင်ဆိုင်ထားကြပြီး နေအိမ်အနေအထားမှာ ပျဉ်ထောင်အိမ်နှင့်သာနေထိုင်ကြပါသည်။ ဆင်းရဲနွမ်းပါးပြီး စားဝတ်နေရေးအဆင်မပြေသော အိမ်ထောင်မိသားစု (၄၅ ) အိမ်မှာ စက်ဘီး၊ဆိုင် ကယ်(၁)စီး၊ ဖုန်း၊တီဗီ၊ တောင်ယာ (၁)ဧကနှင့်အထက်ပိုင်ဆိုင်ကြပြီး နေအိမ်အနေအထားမှာ ဝါးထန်းရံအိမ်ဖြင့်သာနေထိုင်ကြပါသည်။

ဆင်းရဲပြီးနွမ်းပါးရခြင်းနှင့်စားဝတ်နေရေးမပြေလည်သည့်အကြောင်းအရင်းမှာလယ်ယာနှင့် မြေ ပိုင်ဆိုင်မှုနည်းပါးခြင်း၊အလုပ်အကိုင်တည် တကျမရှိခြင်း၊ ကျန်းမာရေးမကောင်းခြင်း၊ ရင်းနှီးငွေမရှိခြင်း၊ စိုက်ပျိုးရေးမအောင်မြင်ခြင်း၊ နည်းပညာနားမလည်ခြင်း၊ သီးနှံဈေးမရှိခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်မရှိခြင်း၊ ဝင်ငွေမရှိခြင်းနှင့် အလုပ်လုပ်သူနည်းပြီး မိသားစုဦးရေများခြင်း စသည်တို့ကြောင့်ဖြစ်ပါသည်။ အချို့သော သူများ မှာလယ်ယာမဝယ်နိုင်ခြင်းနှင့် ရင်းနှီးငွေမရှိခြင်းတို့ကြောင့်စားဝတ်နေရေး မပြေလည်ကြပေ။ ထိုသို့စားဝတ်နေရေးမပြေလည်သောကြောင့် အမျိုးသားများသည် စိုက်ပျိုးရာသီ နားသော အချိန်တွင် ပန်းရံလက်သမားလုပ်ငန်းများ လုပ်ကိုင်ကြပြီး စားဝတ်နေရေးပြေလည်စေရန် တစ်ဖက်တစ်လှမ်းမှ ဝင်ငွေ ရရှိစေရန် ဆောင်ရွက်ဖြေရှင်းခဲ့ကြပါသည်။ မိုးခေါင်ရေရှားပြီး ရာသီဥတုဖောက်ပြန်သောနှစ်တွင် လယ်ယာဧကများစွာပိုင်ဆိုင်ထားသော အိမ်ထောင်စုမှာ စားဝတ်နေရေး အဆင်ပြေသော်လည်း လယ်ယာဧက အနည်းငယ်သာပိုင်ဆိုင်ထားသော အိမ်ထောင်စုမှာ စားဝတ်နေရေး အခက်အခဲများ ကြုံတွေ့ကြရပါသည်။ ထိုသို့အခက်အခဲများ ကြုံတွေ့သောအခါတွင် အခြားအဆင်ပြေသောသူများထံမှ သွားရောက်ချေးငှားရခြင်း၊ပွဲရုံပိုင်ရှင်ထံကြိုတင်ငွေများယူပြီး နောက်နှစ်သီးနှံပေါ်ချိန်မှသာ အကြွေးများ ပြန်လည် ဆပ်ကြရပါသည်။ ရာသီဥတုကောင်းမွန်သောနှစ်တွင် စားဝတ်နေရေး အဆင်ပြေပြီး မိသားစု အတွက်တစ်နှစ်တာ စားဝတ်နေရေးအတွက် လုံလောက်မှုရှိပါသည်။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| စိုက်ပျိုးရေး | | | စပါးစိုက်၊ပြောင်းစိုက်၊မြေပဲစိုက်၊ပဲစဥ်းငုံစိုက် | | | ပေါင်းလိုက်၊ပြောင်းရိတ်သိမ်း မြေပဲနုတ်၊ စပါးရိတ်သိမ်း | | | | | ပဲစဉ်းငုံရုံး | |
| ဝင်ငွေ | | | | | | | | | $$ | $$$ | $ | |
| ထွက်ငွေ | $ | $$ | $$$ | $$ | $$ | $ | $ | | | | | |
| ကျန်းမာရေး | | ဝမ်းပျက်ဝမ်းလျော | | | | | | တုတ်ကွေး<br>နာစေး၊ချောင်းဆိုး | | | | |
| ပွဲလမ်းသဘင် | တခွန်တိုင်ပွဲ | | | | | ဒီးကူပွဲ | သီတင်းကျွတ်ပွဲ | ကထိန်ပွဲ | ကောက်သစ်စားပွဲ | | ငှက်လိုက်ပွဲ | |
| သောက်သုံးရေရရှိမှု | ရေရှားပါးခြင်း | | | | | | | | | | | ရေရှားပါးခြင်း |
| အစားအစာဖူလုံမှု | | | အသီးအရွက်များပေါ်များခြင်း | | | | | | | | | |
| အားလပ်ချိန် | အလုပ်ပါးချိန် | | | | | | | | | | | အလုပ်ပါးချိန် |

ပါဝင်ဆွေးနွေးသူ -

ကျား - ၄၇

မ - ၅၂

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# ရာသီစွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

(၃) မိုင်ပကြံစံပြ ကျေးရွာ ပြောင်းကို အဓိက စိုက်ပျိုးကြပြီး လယ်စပါး၊ တောင်ယာစပါး၊ မြေပဲ၊ ပဲစဉ်းငုံ စသည့်တို့ကိုလည်း အနည်းငယ်စိုက်ပျိုးကြပါသည်။ မိမိတို့အိမ်စားဖို့ရန်အတွက်လည်း သခွါးသီး၊ ဖရုံသီး၊ ပဲသီး၊ ငရုတ်သီးများကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ ဖွန်လတွင် ပြောင်းစတင်စိုက်ပျိုးကြပြီး မြေပဲကို ဇူလိုင်လတွင်စိုက်ပျိုးပြီး ဩဂုတ်လတွင်စပါးစိုက်ပျိုးကြပါသည်။ အောက်တိုဘာလတွင် ပြောင်းချိုးမြေပဲနုတ်ပြီး နိုဝင်ဘာလတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီး ဖေဖော်ဝါရီလတွင် ပဲစဉ်းငုံနူးကြပါသည်။

ဝင်ငွေများအနေဖြင့် စပါးပြောင်းနှင့် မြေပဲရိတ်သိမ်းပြီးရောင်းသည့်လဖြစ်သော အောက်တိုဘာလနှင့် ဒီဇင်ဘာလတွင် ဝင်ငွေအများဆုံးရရှိသောလဖြစ်ပါသည်။ ကျန်သောလများတွင် နေ့စားအလုပ်များ သွားရောက် လုပ်ကိုင်ကြသောကြောင့် ဝင်ငွေအနည်းငယ်ရှိကြပါသည်။ ထွက်ငွေများ အနေဖြင့် စိုက်ပျိုးချိန်အတွက်မြေဩဇာများ ၊ မျိုးစေ့များဝယ်ရသောအချိန်တွင်ထွက်ငွေပိုများပါသည်။ ကျန်းမာရေးအနေဖြင့် မေလနှင့်ဖွန်လများတွင် ဝမ်းပျက်ဝမ်းလျှော့အဖြစ်များပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင်နှာစေးချောင်းဆိုးခြင်းနှင့် တုတ်ကွေးရောဂါ အဖြစ်များပါသည်။

(၃) မိုင်ပကြံစံပြ ကျေးရွာတွင်အဓိကပွဲတော်များအနေဖြင့် ရိုးရာတံခွန်တိုင်ပွဲ နှင့်ဒီးကူပွဲ စသည့်တို့ကိုအဓိကကျင်းပပြီး စပါးရိတ်သိမ်းပြီးချိန်တွင် ငှက်လိုက်ပွဲများ၊ ကောက်သစ်စားပွဲများ ကျင်းပကြပါသည်။ သီးတင်းကျွတ်ပွဲ၊ကထိန်ပွဲ၊ ရှင်ပြုပွဲ စသည့်တို့ကိုလည်း ရာသီအလိုက်ကျင်းပကြပါသည်။ ဧပြီလနှင့်မေလတွင် ရေတွင်းရေခမ်းသောကြောင့် သောက်သုံးရာသီ ရှားပါးသော ကာလ ဖြစ်ပါသည်။ သို့သော်လည်း ကျေးရွာအတွက်ကျေးလက်ဦးစီးမှ ရေလှောင်ကန် တည်ဆောက် ပေးကြောင့် နွေရာသီတွင် သောက်သုံးရေ အဆင်ပြေလာခဲ့ရပါသည်။ ဖေဖော်ဝါရီလနှင့် မတ်လများ တွင် သီးနှံများ ရိတ်သိမ်းပြီး သော အချိန် ဖြစ်သောကြောင့် အလုပ်ပါးသော အချိန်ဖြစ်ပါသည်။ ထိုအချိန်တွင် အချို့သော သူများ မှာ နေ့စားပန်းရံ ၊ လက်သမား အလုပ်များသွားရောက်လုပ်ကိုင်ခြင်းဖြင့် ကျေးရွာတွင် အမျိုးသား များက မိသားစု ဝင်ငွေရရှိစေရန် ပိုမိုအလုပ်လုပ်ကိုင်ကြပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများတွင် သာပိုမို အချိန်ကုန်ကြသော ကြောင့် ဝင်ငွေရရှိမှုနည်းပါသည်။ ထို့ကြောင့် စားဝတ်နေရေးလုံလောက်မှုမရှိပါ။ ထို့သို့ လုံလောက်မှုမရှိသောကြောင့် ချေးငှားရပြီး သီးနှံထွက်သောအချိန်မှသာ အတိုးနှင့် ပြန်လည်ဆပ်ကြ ရပါသည်။ ထိုနည်းဖြင့်မိသားစုစားဝတ်နေရေးကို အဆင်ပြေစေရန် ဖြေရှင်းခဲ့ကြပါသည်။ အမျိုးသမီးများသည် ကြက်၊ ဝက်မွေးမြူခြင်းဖြင့် ဝင်ငွေရရှိအောင်ဆောင်ရွက်ကြပါသည်။

# အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယား

| ကျား | မ | ကျား+မ |
|---|---|---|
| ထွန်စက်ကိုင်းရှည် | အပ်ချုပ်စက် | ဆိုင်ကယ် |
| ထော်လော်ဂျီ | ကြက်၊ဝက်မွေးမြူးခြင်း | လယ်ယာ |
| ကျောက်တင်ကား | ခေါင်ချက်ခြင်း | ဖုန်း |
| ပြောင်းချွေစက် | အိမ်တွင်းမှု | လမ်း၊ရေတွင်း |
| နွား၊နွားလှည်း | | ဘုန်းကြီးကျောင်း |
| | | ဈေးဆိုင် |
| | | စက်ဘီး |
| | | ရေလှောင်ကန် |

ပါဝင်ဆွေးနွေးသူ
ကျား - ၄၇ဦး
မ - ၅၂ဦး

မှတ်တမ်းတင်သူ
အမည် - ဒေါ်နော်ထူးထူးအောင်
ရာထူး - လူထုစည်းရုံးရေးမှူး


# အရင်းအမြစ်ထိန်းချုပ်မှုပုံစံဇယားသုံးသပ်ချက်

| ကျား | မ | ကျား+မ |
|---|---|---|
| ထွန်စက်ကိုင်းရှည် | ကြက်၊ဝက်မွေးမြူခြင်း | တောင်ယာ |
| ထော်လော်ဂျီ | အိမ်တွင်းမှု | ဖုန်း |
| ကျောက်တင်ကား | ခေါင်ချက်ခြင်း | ဘုန်းကြီးကျောင်း |
| ပြောင်းချွေစက် | အပ်ချုပ်စက် | လမ်း၊ရေတွင်း |
| နွား၊နွားလှည်း | လက်ယက်ကန်း | ရေလှောင်ကန် |
| ဆိုင်ကယ် | ဈေးဆိုင် | |
| စက်ဘီး | | |

**ပါဝင်ဆွေးနွေးသူ**
ကျား - ၄၇ဦး
မ - ၅၂ဦး

**မှတ်တမ်းတင်သူ**
အမည် - ဒေါ်နော်ထူးထူးအောင်
ရာထူး - လူထုစည်းရုံးရေးမှူး

# ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ




**ပါဝင်ဆွေးနွေးသူ**

ကျား - ၄၇ဦး

မ -၅၂ဦး

**မှတ်တမ်းတင်သူ**


အမည် -ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# ပင့်ကူအိမ် သုံးသပ်ချက်

(၃)မိုင်ပကြံစံပြ ကျေးရွာရှိ အမျိုးသမီးများသည် အိမ်မှုကိစ္စနှင့်သာ ပိုမိုအချိန်ကုန်ကြသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်မှု၊ ပါဝင်မှုများအားနည်းသောကြောင့် ဆုံးဖြတ်ချက်ချရာတွင် အားနည်းကြပါသည်။ ထို့သို့အိမ်မှုကိစ္စများ နှင့်သာပိုမိုအချိန်ကုန်နေကြသောကြောင့် ဝင်ငွေရသောလုပ်ငန်း များဆောင်ရွက်နိုင်ခြင်းမရှိခြင်းကြောင့် အမျိုးသမီးများအတွက် ဝင်ငွေရရှိမှုနည်းပါးကြပါသည်။ ထို့သို့ ဝင်ငွေရရှိခြင်းနည်းသောကြောင့် အမျိုးသမီးများသည်ပေါင်းလိုက်ခြင်း၊ ကောက်စိုက်ခြင်း စသော လုပ်ငန်းများလုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိအောင် ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခ တန်းတူရရှိကြပါသည်။ မိသားစုများ၏ ကျန်းမာရေး နှင့် ကလေးစောင့်ရှောက်မှုများကိုလည်း အမျိုးသမီးများကသာ ပိုမိုဦးဆောင်ပြီးစောင့်ရှောက်ကြပါသည် ။ အမျိုးသမီးများသည် အပြင်ပွဲလမ်းသဘင်သွားလာရာတွင်လည်းကောင်း အခြားနေရာများသို့သွားရောက်လည်ပတ်သွားလာရာတွင်လည်းကောင်း လွတ်လပ်စွာ သွားလာနိုင်ခြင်းမရှိပါ၊ အဘယ်ကြောင့်ဆိုသော် အိမ်မှုကိစ္စများနှင့် သားရေးသမီးရေး များကိုနောက်ဆံတင်းနေရသောကြောင့် ဖြစ်ပါသည်။ ကျေးရွာ၏သာရေး/နာရေး နှင့်လူမှုရေးလုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီးများ အတူတကွပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသားများသည် အမျိုးသမီးများထက် အမွေရပိုရရှိကြပါသည်။ ကျေးရွာရှိ အမျိုးသမီးများသည် အချို့မှာပြောရဲဆိုရဲရှိပြီး အချို့မှာ ပြောရဲဆိုရဲမှုအားနည်း နေကြပါသည်။ ထို့သို့အားနည်းခြင်းကြောင့် ကျေးရွာ၏လုပ်ငန်းများတွင် ဦးဆောင်မှုနှင့် ဆုံးဖြတ်ချက်ချရာတွင်အားနည်းနေကြပါသည်။ အမျိုးသမီးများကို အသိပညာပေးဆွေးနွေးပွဲများနှင့် ရွာ၏လုပ်ငန်းများတွင် အမျိုးသမီးများကိုပိုမိုလက်တွဲခေါ်ရမည်ဖြစ်သည်။ ထို့ပြင်အမျိုးသမီးများကို ပိုမိုအားပေးပြီး ပြောရဲဆိုရဲရှိလာစေရန်၊ ဆုံးဖြတ်ချက်များချနိုင်စေရန်နှင့် ဦးဆောင်နိုင်စေရန် ကူညီပံ့ပိုးပြီး အတူတကွလုပ်ဆောင်သွားရမည်ဖြစ်ပါသည်။ အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်းများတွင် အမျိုးသမီးများထက်များပြီး အမျိုးသမီးများသည်အိမ်မှုကိစ္စနှင့်သာအချိန်ကုန်နေကြသောကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါသည်။

# အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




ပါဝင်ဆွေးနွေးသူ -

ကျား - ၄၇

မ - ၅၂

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# ကျေးရွာချိတ်ဆက်မှု သုံးသပ်ချက်

(၃) မိုင်ပကြေံစံပြ ကျေးရွာရှိ ကျေးရွာအတွင်းအဖွဲ့ အစည်းများအနေဖြင့် လူငယ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ ကေထိုးဘိုးအဖွဲ့၊ မော်မိုးအဖွဲ့၊ ပဌာန်းအဖွဲ့၊ ဥပုဒ်သည်အဖွဲ့၊ ဓမ္မာစကြာအဖွဲ့၊ ကေ့လဲအဖွဲ့ ၊ သက်ရှည်ပညာ စသည့်အဖွဲ့အစည်းများ ရှိပါသည် ။လူငယ်အဖွဲ့ သည် ကျေးရွာ၏ သာရေး/ နာရေး /ဘာသာရေးနှင့် လူမှုရေးလုပ်ငန်းများ တွင် အခြားအဖွဲ့များနှင့် အတူတကွချိတ်ဆက်ပြီးဆောင်ရွက်ကြပါသည် ။ ၊ ရပ်မိရပ်ဖများသည် ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် ချိတ် ဆက်ပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွ ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ကြပါသည်။ပဌာန်းအဖွဲ့၊ ဥပုဒ်သည်အဖွဲ့၊ ဓမ္မာစကြာအဖွဲ့များသည် ကျေးရွာ၏ ဘာသာရေး လုပ်ငန်းများတွင်ဦးစီးဦးဆောင်ပြီးဆောင်ရွက်ကြပါသည်။ကေထိုးဘိုးအဖွဲ့၊မော်မိုးအဖွဲ့၊ ကေ့လဲအဖွဲ့ များသည် ရာသီအလိုက်ကျင်းပသောရိုးရာပွဲများတွင် ဦးစီးပြီးဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများအားလုံးသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ချိတ်ဆက်ပြီး ဆောင်ရွက်ကြပါသည်။ ကျန်းမာရေးကော်မတီသည် ကလေးငယ်များကာကွယ်ဆေးထိုးခြင်းနှင့် ကျန်းမာရေးနှင့် ပတ်သက် သောအကြောင်းအရာများကို ကျေးရွာလူထုများသိရှိနိုင်စေရန် ပြောကြားပေးပါသည်။

CDD အဖွဲ့သည် ကျေးရွာတွင်ကော်မတီများဖွဲ့ပြီး ထိုကော်မတီများကို သင်တန်းများ ပေးခြင်းနှင့် ကျေးရွာလူထုများနှင့် တွေ့ဆုံကာ အစည်းအဝေးများကျင်းပြီး ကျေးရွာအတွက် အမှန်တကယ်လိုအပ်လျက်ရှိသော လုပ်ငန်းများကိုဖော်ထုတ်ဆွေးနွေးခြင်း၊ လိုအပ်လျက်ရှိသော လုပ်ငန်းများသည် အကျိုးဝင်သောလုပ်ငန်းဖြစ်ပါက တွက်ချက်ဆောင်ရွက်ပေးခြင်း စသောကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းမျာကိုဆောင်ရွက်ပေးလျက်ရှိပါသည်။ သမဝါယမအဖွဲ့သည် ကျေးရွာလူထုများမှ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ချေးငွေများထုတ်ပေးခြင်းဖြင့် ကျေးရွာလူထုများသည် လည်းရရှိသောငွေဖြင့် မွေးမြူရေး၊ စိုက်ပျိုးရေး၊ ဈေးဆိုင်လုပ်ငန်းများ တွင်အသုံးပြုခြင်း ဖြင့်ပိုမို အဆင်ပြေလာခဲ့သည်။ World Vision၊ Save The Children အဖွဲ့သည် ကျန်းမာရေးနှင့်ပတ်သက်ပြီး အသိပညာ ရရှိစေရန် အသိပညာပေးဟောပြောခြင်းများကို ကျေးရွာအတွက်ပြုလုပ် ပေးပါသည်။

# ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာစီထောက်ကော်မတီဥက္ကဌ**

၁။ ဦးပေါလူ

၂။ ဒေါ်ငါးမြာဝင်း

**စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ**

၁။ ဦးဖရေရယ်

၂။ ဒေါ်ဒဲမြာ

**လည်ပတ်ထိန်းသိမ်းရေးကော်မတီ**

၁။ ဦးတူးရယ်

၂။ ဒေါ်ကလောမြာ

**ဝယ်ယူရေးကော်မတီ**

၁။ ဦးငါးရယ်ထွေး

၂။ ဒေါ်ထွေးမြာ

**စေတနာ့ဝန်ထမ်း**

၁။ ဦးပိုးရယ်

၂။ ဒေါ်ခီးမြာ

**ဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်**
**ရးကော်မတီ**

၁။ ဦးပဲရယ်

၂။ ဒေါ်လူမြာ

**ငွေစာရင်းကိုင်**

၁။ ဒေါ်ခါးမြာ

ပါဝင်ဆွေးနွေးသူ

ကျား- ၄၇ဦး


မ - ၅၂ဦး

မှတ်တမ်းတင်သူ

အမည် -ဒေါ်နော်ထူးထူးအောင်

ရာထူး-လူထုစည်းရုံးရေးမှူး

## ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား




ပါဝင်ဆွေးနွေးသူ

ကျား- ၄၇ဦး

မ - ၅၂ဦး

မှတ်တမ်းတင်သူ

အမည် -ဒေါ်နော်ထူးထူးအောင်

ရာထူး-လူထုစည်းရုံးရေးမှူး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးရှီးရယ် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉၄၂၃၁၀ ၉၃၄၁ | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ဇော်ထူးထူးအောင် | |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် ဖိုင်ကော် | ကျေးရွာအုပ်စု နွားလရိုး | ကျေးရွာ ၃ မိုင်ပကြ်ဝံပြ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ----ကယား | ၁၆၅ | ဘာသာ (၁) ---ဗုဒ္ဓ---- | ၁၆၅ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | | | |
| | | | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၃၈၈ | ၃၈၉ |
| လူမျိုးစု (၁)----ကယား | ၃၈၈ | ၃၈၉ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| | | |
| | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၅၅ | ၁၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| တ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၀.၂၅ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် ၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

[x] မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----------------------------------

(၂) -----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ [x] ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဗိုးရိုးဂယ်

လက်မှတ် နေ့စွဲ ၁၆.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်နော်ထူးထူးအောင်

လက်မှတ် နေ့စွဲ ၁၆.၁၀.၂၀၁၇

# ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | |
|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဆော်နော်ထူး ထူး အောင် | | | | | |
| နေ့စွဲ | ၂၀.၁၀.၂၀၁၇ | | | စက်ဝန်းအားအမှတ်ခြစ်ပါ | ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း | ကယား | မြို့နယ် | ဖရိုင်ကော် | ကျေးရွာအုပ်စု | ဆိုးဖရိုး | ကျေးရွာ ၃ မိုင်ပကြဲခံပြ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၀.၁၀.၂၀၁၇ | ၂၀.၁၀.၂၀၁၇ | ၄၇ | ၅၂ | ၉၉ | ကယား \| ၉၉ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၀.၁၀.၂၀၁၇ | ၂၀.၁၀.၂၀၁၇ | ၄၇ | ၅၂ | ၉၉ | ကယား \| ၉၉ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၀.၁၁.၂၀၁၇ | ၁၀.၁၁.၂၀၁၇ | ၄၃ | ၃၃ | ၇၆ | ကယား \| ၂၈ ရှမ်း-၃<br>ကယန်း \| ၁၂ ကရင်-၆<br>ပအိုဝ်း ၂၅ ဗမာ-၂ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖေါ်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်၊* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နော်ထူး ထူးအောင် | | | |
| နေ့စွဲ ၂၀.၁၀.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဒိုးလရိ | ကျေးရွာ ခုနိုင်ပကြဲစံပြ |

 က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | - ရွာတွင်းလမ်းများ သွားလာရန်ခက်ခဲခြင်း | ၁ | ရွာတွင်းတွင် မိုးရာသီတွင် သွားလာရန်ခက်ခဲသော ကြောင့် ကလေးငယ်များ ကျောင်းသွားရန်ခက်ခဲ |
| ၂ | - စိုက်ပျိုးသီးနှံ ဈေးကွက်မရှိသောကြောင့် အားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး | ၂ | - ကျေးရွာတွင် ရေသွားရောက်ခပ်ရန် ဝေးကွာခက်ခဲခြင်း |
| ၃ | အတွက်ခက်ခဲခြင်း | ၃ | - အမျိုးသမီးများ အဝေးသို့ သင်တန်းသွား |
| ၄ | - ရွာတွင်းရှိ တံတားများ သည်ပျက်စီးနေသောကြောင့် မိုးရာသီတွင် သွားလာရန် | ၄ | ရောက်မတက်နိုင်ခြင်း၊ ငွေကြေးခက်ခဲခြင်း |
| ၅ | ခက်ခဲခြင်း | ၅ | - အမျိုးသမီးများအတွက် အလုပ်အကိုင်အတိ |
| ၆ | - ယူငယ်ရိပ်သာကျဉ်းသောကြောင့် ရွာလုံး | ၆ | အကျမရှိသောကြောင့် ဝင်ငွေနည်းပါးခြင်း |
| ၇ | ကျွတ်အစည်းအဝေး ပြုလုပ်ရန်ခက်ခဲခြင်း | ၇ | - စိုက်ပျိုးရေး အတွက် နည်းပညာ အားနည်း |
| ၈ | - အလုပ်အကိုင် အတိအကျ မရှိသော | ၈ | ခြင်းနှင့် သီးနှံမျိုးကောင်း မျိုးသန့်များ |
| ၉ | ကြောင့် ပုံမှန် ဝင်ငွေ ရရှိရန်ခက်ခဲခြင်း | ၉ | မရှိခြင်း |
| ၁၀ | | ၁၀ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများကောင်းမွန်လာရန် | ၁ | ရွာတွင်းလမ်းများ အဆင်ပြေစွာ သွားလာနိုင်ရန် |
| ၂ | စိုက်ပျိုးသီးနှံဈေးကွက် ကောင်းရန်နှင့် မျိုးကောင်းမျိုးသန့် ရရှိရန် | ၂ | - ရေကန်ရရှိပါက ရေသွားရောက်ခပ်ရန် အဆင်ပြေလာစေရန် |
| ၃ | - ရွာတွင်းတံတားများ ကောင်းမွန်လာရန် | ၃ | - အိမ်တွင်းမှုသင်တန်း၊ အပ်ချုပ်စက်သင်တန်း |
| ၄ | ယူငယ်ရိပ်သာတိုးချဲ့ရန် | ၄ | များရရှိရန် |
| ၅ | - အလုပ်အကိုင်အတိအကျရရှိရန် | ၅ | - စိုက်ပျိုးရေး နည်းပညာသင်တန်းနှင့် |
| | အတွက် ဖန်ပြုပြင်၊ အိမ်မြင်ပြင်သင်တန်း | ၆ | မျိုးကောင်းမျိုးသန့်ရရှိရန် |
| | ရရှိရန် | ၇ | |
| | | ၈ | |
| | | ၉ | |
| | | ၁၀ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း | ၃+၆ | | |
| ၂ | လူငယ်ရိပ်သာပြုပြင်တိုးချဲ့ | ၃+၉ | | |
| ၃ | ရေကန် ဂါလံ ၅၀၀၀ | ၆ | | |
| ၄ | ရွာတွင်းတံတား | ၃ | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး နည်းပညာသင် | ၃+၆ | |
| ၂ | မျိုးကောင်း မျိုးသန့် ဂရုဒါန် | | |
| ၃ | အလုပ်အကိုင်အခွင့်အလမ်း | ၆ | |
| ၄ | အပ်ချုပ်စက်သင်တန်း | ၆ | |
| ၅ | မုန့်နှင့် တိုင်ပြုပြင်သင်တန်း | ၃ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဒေါ်ငါးမြှောင်း--- လက်မှတ် ---[signature]--- နေ့စွဲ ---၂၀၊ ၁၀၊ ၂၀၁၇---

......ပထမ အကြိမ် ၊ ဒုတိယ အကြိမ်......အစည်းအဝေးအစီရင်ခံစာ

| | | | | |
|---|---|---|---|---|
| နေ့ရက် | ၂၀၊ ၁၀၊ ၂၀၁၇ | အချိန် | မှ | ထိ |
| နေရာ | ဘုန်းကြီးကျောင်း ဓမ္မာရုံ | ကျေးရွာအုပ်စု/ကျေးရွာ | အိုးလရိုး ၊ ၃ မိုင်ပကြာခံပြ | |
| မြို့နယ် | ဖရိုဆော် | ပြည်နယ် | ကယား | |

အစည်းအဝေးအစီအစဉ်

| | |
|---|---|
| ၁ | ဖွင့်ပွဲဆောင်ရွက်မှု ၊ လူထုဗဟိုပြုစီမံကိန်းမိတ်ဆက် ၊ စီမံကိန်းစက်ဝန်း |
| ၂ | ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်း ၊ လူမှုဆန်းစစ်ခြင်း |
| ၃ | အခက်အခဲ ၊ မျှော်မှန်းချက် နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြန်လည်အတည်ပြုခြင်း နှင့် |
| ၄ | နောက်လုပ်ငန်းစဉ်များအား ရှင်းလင်းခြင်း ၊ အကာအကွယ် နှင့် စံနှုန်းများအား ရှင်းလင်းခြင်း |
| ၅ | အစည်းအဝေး ပိတ်သိမ်းခြင်း နှင့် ကျေးဇူးတင်စကား ပြောကြားခြင်း |

| ဆွေးနွေးသည့်အကြောင်းအရာများ | ဦးဆောင်ဆွေးနွေးသူ |
|---|---|
| - စီမံကိန်းမိတ်ဆက်ခြင်း နှင့် စီမံကိန်းစက်ဝန်းများ အားပြန်လည်ရှင်းပြခြင်း | ဒေါ်နော်ထူးထူးအောင် |
| - စေတနာ့ဝန်ထမ်း နှင့် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့အား ပြန်လည်ရွေးချယ်ခြင်း | ဒေါ်လူခါးယာ |
| - လူမှုဆန်းစစ်ချက်များအား ပြန်လည်သုံးသပ်ဆွေးနွေးခြင်း | |
| - အခက်အခဲ ၊ မျှော်မှန်းချက် နှင့် ပထမနှစ်စက်ဝန်း မှ ရွေးချယ်ထားသော စီမံကိန်းလုပ်ငန်းခွဲများအား ပြန်လည်ဆွေးနွေးခြင်း | |
| - အကျိုးဝင်သောလုပ်ငန်း ၊ အကာအကွယ်များ နှင့် စံနှုန်းများအား ရှင်းပြခြင်း | ဒေါ်အိဖြိုးပယ် |

ဆွေးနွေးဆုံးဖြတ်ချက်များ-

ပထမနှစ် စီမံကိန်းစက်ဝန်းတွင် ဖွဲ့စည်းထားသော ကော်မတီများသည် လုပ်ငန်းအတွေ့အကြုံရှိသော ကြောင့် ကော်မတီများ မပြောင်းလဲဘဲ ဆက်လက်လုပ်ဆောင်ရန် ဆုံးဖြတ် ဆွေးနွေးကြပါသည်။ ငွေစာရင်းကိုင် သာလျှင် ဆက်လက်လုပ်ဆောင်ရန် အခက်အခဲရှိ သောကြောင့် အများသဘောတူ ကော်မတီ ထပ်မံရွေးချယ်ခဲ့ကြပါသည်။ စီမံကိန်းလုပ်ငန်းခွဲ များကို ရွေးချယ်ရာတွင်လည်း ကျေးရွာလူထု နှင့် ကော်မတီများ တိုင်ပင်ဆွေးနွေးပြီး ကျေးရွာ လူထုအတွက် အကျိုးရှိပြီး အမှန်တကယ် လိုအပ်သော လုပ်ငန်းကို ရွေးချယ်ဆုံးဖြတ်ခဲ့ ကြပါသည်။

အကြံပြုချက်များ-

မှတ်တမ်းပြုစုသူ ဒေါ်နော်ထူးထူးအောင်

ရာထူး - လူထုစည်းရုံးရေးမှူး

# ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ်မှုရင်းအား VPSC တွင် ထားရှိရပါမည်။ အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS Data အဖြစ်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | ဦးစားပေး | လ/နှစ် | ကျေးရွာမှ တာဝန်ခံသူ(သို့) အုပ်စု | ပြင်ပမှ မည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | လူငယ်ရိပ်သာပြုပြင်တိုးချဲ့ခြင်း။ | မ ( √ )<br>ကျား (√ ) | | | |
| | ၂ | ရွာတွင်းလမ်း | မ ( √)<br>ကျား(√ ) | | | |
| | ၃ | ရွာတွင်းတံတား | မ ()<br>ကျား(√) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးနည်းပညာနှင့်ပြောင်း မျိုးကောင်းမျိုးသန့်ရရှိရန် | မ (√)<br>ကျား(√ ) | | | |
| | ၂ | အပ်ချုပ်စက်သင်တန်း | မ (√ )<br>ကျား( ) | | | |
| | ၃ | ဖုန်း၊တီဗီပြုပြင်သင်တန်း | မ ( )<br>ကျား(√ ) | | | |
| | ၄ | အလုပ်အကိုင်အခွင့်အလမ်း | မ ( √ )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေး နှင့် ပညာရေး | ၁ | အုတ်ကန် ဂါလံ ၅၀၀၀ | မ( √ )<br>ကျား() | | | |
| | ၂ | | မ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ကျား(    ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | မ (    )<br>ကျား(    ) | | | |
| | ၂ | | မ (    )<br>ကျား(    ) | | | |
| | ၃ | | မ (    )<br>ကျား(    ) | | | |
| | ၄ | | မ (    )<br>ကျား(    ) | | | |
| | ၅ | | မ (    )<br>ကျား(    ) | | | |
| | | | | | | |
| ပညာရေး | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား() | | | |
| | ၃ | | မ (    )<br>ကျား(  ) | | | |
| | ၄ | | မ (    )<br>ကျား(    ) | | | |
| | ၅ | | မ (    )<br>ကျား(    ) | | | |
| | | | | | | |
| အခြား | ၁ | | မ (√ )<br>ကျား( √) | | | |
| | ၂ | | မ (    )<br>ကျား(    ) | | | |
| | ၃ | | မ (    )<br>ကျား(    ) | | | |
| | ၄ | | မ (    )<br>ကျား(    ) | | | |
| | ၅ | | မ (    )<br>ကျား(    ) | | | |

# ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | အဆိုပြုသူ ( ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ ( ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ရွာတွင်းလမ်း | ၁ | | | √ | |
| ၂။ | လူငယ်ရိပ်သာပြုပြင်တိုးချဲ့ခြင်း | ၂ | | | √ | |
| ၃။ | အုတ်ကန် ဂါလံ ၅၀၀၀ | ၃ | | √ | | |
| ၄။ | ရွာတွင်းတံတား | ၄ | √ | | | |
| ၅။ | စိုက်ပျိုးရေးနည်းပညာနှင့်ပြောင်း မျိုးကောင်းမျိုးသန့်ရရှိရန် | ၅ | | | √ | |
| ၆။ | အပ်ချုပ်စက်သင်တန်း | ၆ | | | | |
| ၇။ | ဖုန်း၊တီဗီပြုပြင်သင်တန်း | ၇ | √ | | | |
| ၈။ | အလုပ်အကိုင်အခွင့်အလမ်း | | | √ | | |

ပါဝင်ဆွေးနွေးသူ -

ကျား - ၄၇

မ - ၅၂

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



